
မင်းမြတ်သူရ
ဝတ္ထုတိုများ

ကျွန်တော် စာရေးဆရာ ဘဝက ဘယ်မဂ္ဂဇင်းကိုမှ ဝတ္ထုပေးလေ့မရှိ
...

အလွန့်အလွန် ငြင်းဆန်ရခက်အောင် ခင်မင်သူကိုမှ ဝတ္ထုတို တစ်ပုဒ်စ... နှစ်ပုဒ်စ... ပေးပါတယ်.. ကြောင်ကိုယုံလို့ ခုန်လိုက်စမ်းပါ ... ဟာ ... တက္ကသိုလ် ကျောင်းသားဘဝက သူငယ်ချင်းတွေကို နောက်ပြောင် ကျီစယ်ပြီး ရေးခဲ့တဲ့ ဟာသ ဝတ္ထုတို လေးပါ..

**မင်းမြတ်သူရ**

## ကြောင်ကိုယုံလို့ ခုန်လိုက်စမ်းကွယ်

သာယာလှပသော နွေရာသီ၏ ညနေခင်းကလေးတွင် ဇီးဖြူကုန်းရွာသို့ သင်းပျံ့သော သတင်းရနံ့လေးတစ်ခု ပျံ့လွင့်လာခဲ့လေ၏။ ဤသတင်း၏ ပျံ့နှံ့ခြင်း အဟုန်သည် လေကဲ့သို့ လျင်မြန်၏။ ပုလိပ်ရောဂါကဲ့သို့ ကြောက်မက်ဖွယ် ကောင်း၏။ ထို့အတူ ဇီးဖြူကုန်းရွာသားတို့ ၏ ပသာဒအဟုန်တွင် ဂွမ်းဆီထိသကဲ့သို့ ပီတိဖြစ်ဖွယ်လည်း ရှိ၏။ ဤသို့ဆိုရုံမျှဖြင့် ဤမျှ ခံ့ညားသော ဇာတ်လမ်းမဟာ ဖြစ်ရန် အကြောင်းတစ်စုံတစ်ရာ မရှိပေ။

ဤဇာတ်လမ်းကလေး၏ အစသည် ကမ္ဘာဦးလူသားတို့ မိန်းမကြော

ကျရှုံ့ရသည့် နည်းတူ အစဉ်အလာနှင့် အမျိုးဂုဏ်ကို ထိန်း၍ မိန်းမ ကြောက်ရသူ မောင်ဉာဏ်ဝင်း၏ ရွာလယ် လက်ဖက်ရည် ဆိုင်ကလေး မှ စတင်ခဲ့ပါသည် ။

တစ်နေ့သ၌ ဇီးဖြူကုန်းရွာ၏ ကာလသားများ ဝိုင်းဖွဲ့စုဝေးရာ ရွာလယ် လက်ဖက်ရည် ဆိုင်ကလေးသို့ ဆေးမင်ကြောင်အရုပ် ရေးထိုးသော ဆရာကြီးတစ်ယောက် ရောက်ရှိခဲ့ပါသည် ။ ဆရာကြီး၏ ရုပ်ရည်ရူပကာသည် လွန်စွာခန့်ညား၍ နှုတ်ခမ်းမွေး ကားကားကြီးလည်း ရှိ၏ ။ တစ်ကိုယ်လုံးအနှံ့ ထိုးကွင်းမင်ကြောင် များ လည်း ထိုးနှံ့ထားသေး၏။

ဆရာကြီးသည် နောက်လိုက်နောက်ပါ တပည့်တပန်း နှစ်ယောက်ကိုလည်း ခေါ်ယူလာသေး၏။ ၎င်းတို့ သည် လည်း ဆရာကောင်း တပည့်ပီပီ ဥပဓိရုပ်များ တည်ကြည် ခန့်ညားလှပါ၏။

ဆရာကြီးသည် လာရောက်စပ်စုသူများ ၏ အမေးကို အထက်ဆရာကြီး များ ၏ အဆိုအမိန့်အရ မြန်မာ့ရိုးရာ ထိုးကွင်းမင်ကြောင် အင်းအိုင်ခါးလှည့် လက်ဖွဲ့မန္တရားများကို ကုသိုလ်ဖြစ် လိုက်လံ ဖြန့်ဖြူးနေသူ ဖြစ်ကြောင်း၊ ကြီးစွာသော ဣန္ဒြေဖြင့် ဖြေကြားပေးပါသည် ။

ဇီးဖြူကုန်း ရွာသားများ သည် ဆရာကြီး၏ သတင်းကို တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ထပ်မံ ဖြန့်ချိကြပြန်ရာ ကွမ်းတစ်ယာညက်အတွင်း ရွာလုံးကျွတ်အနှံ့ ပြန့်လေတော့၏။

ထိုအခါ ကမ္ဘာဦးလူသားတို့ ၏ မိန်းမကြောက်ရှုံ့ရသည့် နည်းတူ အစဉ်အလာနှင့် အမျိုးဂုဏ်ကို ထိန်း၍ မိန်းမကြောက်ရသူ မောင်ဉာဏ်ဝင်းသည် ဆရာကြီးအား သူ၏ နေအိမ်သို့ ပင့်ဖိတ်ခေါ်ဆောင်၍ ဆွမ်းကွမ်းရေချမ်း ဆက်ကပ် လှူဒါန်းလေတော့၏။

မောင်ဉာဏ်ဝင်း၏ ကြီးစွာသော ရည်ရွယ်ချက်မှာ ရွာသူရွာသား

များ ထက် ဦးစွာ ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိများကို ဆရာကြီးထံမှ တောင်းယူရန် ဖြစ်၏။ ဤသို့ဆိုရုံမျှဖြင့်လည်း ဤမျှ ခံ့ညားသော ဇာတ်လမ်းမဟာ ဖြစ်ရန် အကြောင်း တစ်စုံတစ်ရာ မရှိသေးပေ။

ဤပြဿနာကို စတင်ခဲ့လိုက်သူမှာ ရွာလူမိုက် စူပါလုံး ဖြစ်၏။ စူပါလုံးကို ရွာလူမိုက်ဟု ခေါ်ရခြင်းမှာ ရွာဘုရားပွဲတွင် လူသုံးယောက်နှင့် ရန်ဖြစ်ခဲ့ဖူးခြင်း အကြောင်းကို မကြာခဏ ဂုဏ်ယူပြောဆိုလေ့ ရှိသောကြောင့် ဖြစ်၏။ သို့သော် နောက်ပိုင်းတွင် တစ်ရွာသား သုံးယောက်အား စူပါလုံးကိုယ်တိုင် ကန်တော့ပွဲနှင့် သွားရောက်၍ အနူးအညွတ် တောင်းပန်ခြင်း အကြောင်းကို မည်သူမျှ မသိကြပေ။

ရွာလူမိုက် စူပါလုံးက 'တောင်ပိုင်းက ဉာဏ်ဝင်းအိမ်မှာ ဆေးမင်ကြောင် ထိုးတဲ့ ဆရာကြီး ရောက်နေတယ်ဆိုပဲ။ ဆေးမင်ကြောင်ဆိုတာ တစ်သက်မှာ တစ်ကြိမ် ထိုးရခဲတယ်ကွ၊ ဆရာကြီးကိုယ်မှာ ထိုးထားတဲ့ တိုးနယားရုပ်ကြီးကတော့ လှမှ လှကွာ၊ ငါ့ညနေ လှေဆိပ်ဆင်းတုန်းက မြင်ခဲ့ရတယ်ကွ' ဟု ပြောလေသည် ။

ထိုအခါ စူပါလုံး၏ တပည့်တော် ဘဲလူးဆိုသူက 'ဟုတ်တယ်ကွ၊ ဆရာလုံး ပြောတာ မှန်တယ်။ ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိတွေလည်း ရတယ်ဆိုပဲကွ၊ ဒီတော့ ငါတို့ အားလုံး မနက်ဖြန် ဉာဏ်ဝင်းအိမ်ကို သွားပြီး မင်ကြောင်ထိုးကြမယ်'

ဟု ပင့်ပေးလေသည် ။

ထိုအခါ စဉ်းစားဉာဏ်မရှိ၍ အူကြောင်ကြောင် နိုင်လှသော ရွာသားတစ်စုသည် စူပါလုံးနောက်မှ လိုက်ရန် သဘောတူကြ၏။ နောက်တစ်နေ့ နံနက်တွင် စူပါလုံး ခေါင်းဆောင်သော ရွာသားတစ်စုသည် မောင်ဉာဏ်ဝင်း၏ နေအိမ်သို့ ချီတက်ခဲ့လေတော့၏။

မောင်ဉာဏ်ဝင်း၏ အိမ်ဦးခန်းတွင် ဆရာကြီး ဆိုသူသည် ကွမ်းအစ်တစ်လုံး ချ၍ မြိန့်မြိန့်ကြီး စံစားနေလေ၏။ ဆရာကြီးသည် စူပါလုံးတို့လူစုကို ရှိသည် ဟူ၍ ပင် အောက်မေ့ပုံမရပေ။

ရွာသားများကမူ ကွမ်းတမြုံ့မြုံ့ ဝါးနေသော ဆရာကြီး၏ အမူအရာကို ကြည့်၍ အမျိုးမျိုး ဝေဖန်နေကြကုန်၏။

ဆရာကြီး၏ တပည့်ကျော် နှစ်ဦးမှာ လည်း ဘုရားစင်ရှေ့တွင် ကုပ်ချောင်းကုပ်ချောင်း လုပ်၍ ထိုင်နေကြရှာ၏။

ထိုအချိန်တွင် မောင်ဉာဏ်ဝင်း၏ မျက်နှာမှာ စိုးရိမ်သောက နှစ်မျိုးကြောင့် ဆီးရွက်သာသာ ရှိတော့၏။ စိုးရိမ်သောက နှစ်မျိုးအနက် တစ်မျိုး မှာ ယိုင်နဲ့ နဲ့ အိမ်ပေါ်တွင် လူအုပ်ကြီး ရောက်နေ၍ အိမ်ပြိုကျမှာကြောက်သော စိုးရိမ်သောက ဖြစ်၏။ ဒုတိယ စိုးရိမ်သောကမှာ သူ၏မိန်းမ ဆူပူကြိမ်းမောင်းမည်ကို ကြောက်သော စိုးရိမ်သောက ဖြစ်၏။

(ဤနေရာတွင် အလျဉ်းသင့်၍ မောင်ဉာဏ်ဝင်း၏ မိန်းမကြောက်ရွံ့ရပုံများကို စိတ်ဝင်စားဖွယ် တင်ပြပေးလိုက်ပါသည် ။)

မောင်ဉာဏ်ဝင်း၏ မိန်းမသည် ကမ္ဘာပေါ်တွင် စိတ်အကောက်ဆုံး မိန်းမပြိုင်ပွဲ ဝင်လျှင် ပထမ ရနိုင်လောက်သည် ။ သူမ စိတ်ကောက်ပြီဆိုလျှင် ရွာတောင်ပိုင်း နေအိမ်မှ မြောက်ပိုင်းရှိ ရေတွင်းရှိရာသို့ ရေချိုးမဆင်းတော့ချေ။ တောင်ပိုင်းနှင့် မြောက်ပိုင်းသည် အတော်ပင် လှမ်းပါ၏။ ထိုအခါ မိန်းမကြောက်ရသော မောင်ဉာဏ်ဝင်းသည် မြောက်ပိုင်းမှ ရေကို တောင်ပိုင်းသို့ ရာဝင်အိုးကြီး ပြည့်အောင် ဖြည့်ပေးရရှာ၏။

သူ၏ မိန်းမသည် ဤမျှဖြင့် စိတ်ဆိုးစိတ်ကောက် ပြေတော် မမူသေးချေ။ သူမ ရေချိုးပြီး ခြေဆုံးခေါင်းဆုံး လိမ်းရန် သနပ်ခါးကို မောင်ဉာဏ်ဝင်းက သွေးပေးရသေး၏။ ထိုနေ့ တစ်နေ့လုံးအတွက် ထမင်း

ဟင်းများ ချက်ပြုတ်ရန် တာဝန်ကိုလည်း မောင်ဉာဏ်ဝင်းကပင် ယူရ ရှာ၏။ မိုးလေဝသ အခြေအနေ ဆိုးဝါးသော ရံဖန်ရံခါတွင် မောင်ဉာဏ် ဝင်းခမျှာ သူမကို နင်းနှိပ်၍ ပင် ပေးရရှာ၏။

ထိုအခြင်းအရာကို ကြည့်၍ မောင်ဉာဏ်ဝင်းအား အမြင်ကတ်နေ သော ကျောင်းဆရာ ကိုစိန်လှက "ကမ္ဘာဦးလူသားတွေရဲ့ ဘဝမှာ မိခင် အုပ်စိုးသောခေတ် ဆိုတာ ရှိခဲ့ဖူးတယ်ဗျ။ ဒါကြောင့် ကျောက်ခေတ် လူ သားတွေဟာ ခင်ဗျားလိုပဲ မိန်းမ ကြောက်ရတယ်" ဟု အဆင်းတွင် ဘီး တပ်ပေးလေ၏။

ထိုအခါ အပါးမဝသော မောင်ဉာဏ်ဝင်းသည် ကိုစိန်လှ၏ စကားကို လွန်စွာ သဘောကျသွားပြီး ကျောင်းဆရာအား တစ်လတိတိ လက်ဖက် ရည် အလကားတိုက်လေ၏။ ထို့နောက် သူ၏ အိမ်ဦးခန်းတွင် အောက် ပါ စာကြောင်းကို ဂုဏ်ယူစွာ ရေးဆွဲထားလိုက် လေတော့၏။

"ကမ္ဘာဦးလူသားတို့ မိန်းမ ကြောက်ရသည့် နည်းတူ ကျွန်ုပ်လည်း မိန်းမ ကြောက်ရ၏။ သင်လည်း မိန်းမကြောက်ခြင်းဖြင့် ဂုဏ်ယူနိုင်ပါ သည် "

**(မောင်ဉာဏ်ဝင်း)**

ဆရာကြီးသည် လူစုံပြီဟု ယူဆသဖြင့် 'အဟမ်း အဟမ်း' ဟု လည်ချောင်းရှင်းကာ "ဟိုက်ဆိုလို့ ပေါင်ကို ပုတ်တယ်၊ တိုးထုတ် ပြေးခုန်လေ။ ကြောင်ကိုယုံလို့ ခုန်လိုက်စမ်းကွဲ့၊ ကိုးတောင်ပြေခန်း ဆို ပြီး မင်ကြောင်ရဲ့ အစွမ်းကို ကောက်စိုက်တေးထဲမှာ ဆိုထားတယ်ကွဲ့၊ ဒါတင်မကသေးဘူး၊ မင်ကြောင်ရဲ့ အစွမ်းကို 'ဓား၊ လှံ၊ မီးပေါက်၊ ဗုံး အမြောက် ရပ်နာမ် ကိုယ်ပျောက် အတင်တင်၊ ငါတို့ ကိုယ်တွင် ဆန်တစ်

မျိုး မြှုပ်နှံမထိုး သိဒ္ဓိလုံ' ဆိုပြီး ကျည်းကန်ရှင်ကြီး မေတ္တာစာမှာ ရေးသားထားသေးတယ်။

'လက်ဝဲဘက်မှာ ကျားညီနောင်၊ လက်ယာပေါင်မှာ အိမ်မြှောင်တွေ အဆင်းအတက်၊ နားရွက်မှာ လိပ်ပြာတောင်၊ ထိပ်ပြောင်မှာ ကြက်ခြေရစ်' လို့ လည်း ဆိုထားသေးတယ်၊ ဒါကြောင့် ယောကျ်ားကောင်း ယောကျ်ားမြတ် မှန်ရင် ပေါင်မှာ မင်ကြောင်ရှိရတယ်။ ဆင်ဖြူရှင် မင်းတရားကြီးဆိုရင် မင်ကြောင်ကို အလွန် ချစ်မြတ်နိုးတော်မူတယ်"

"ဆင်ဖြူရှင် မျက်သုတ်နီစွန်တော် ဝယ်ပေါက်စံကာ ကတော်မူသည်ကို ထိုအခါဝယ် လူအများ တို့ သည် တင့်လှနိုး၍ မိမိတို့ လက်ဝယ် ကာကဟန် မင်သေ့ထိုးကြကုန်၏ " လို့ မဏိရတနာပုံကျမ်းမှာ ဆိုထားသေးတယ်။ တို့ အရှင်တွေ လက်ထက်က ဂန်ဒူးမဟုတ်သူတိုင်း ပေါင်မှာ ထိုးကွင်းရှိကြတယ်။ 'အမောင်တို့ မှာ ရော ရှိရဲ့ လားဗျ' ဟု မေးမြန်းလေရာ ဘုမသိ ဘမသိဖြင့် ဂန်ဒူးဖြစ်သွားသော စူပါလုံးတို့ လူစုသည် ရှက်ရွံ့စွာဖြင့် 'မရှိပါဘူး ဆရာကြီး' ဟု အူကြောင်ကြောင် ဖြေလေ၏။

ဆရာကြီးက ဆက်၍ 'အင်းအိုင်ခါးလှည့်လက်ဖွဲ့ မန္တရားတွေကိုလည်း ယုံကြရဲ့ လား' ဟု မေးမြန်းလေရာ ရွာသားများက 'ယုံပါတယ် ဆရာကြီး' ဟု သံပြိုင် ဖြေကြားလေ၏။ ဆရာကြီးက ခေါင်းတဆတ်ဆတ် ညိတ်၍ 'မယုံမရှိနဲ့ မောင်တို့ ' ဟု အစချီကာ အင်းအိုင်ခါးလှည့်လက်ဖွဲ့ မန္တရား အစီအရင်များ အကြောင်း၊ စမအင်း ဂါထာများ ၊ ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ အကြောင်းများကို မစားရဝခမန်း ပြောကြားလေတော့၏။

ထို့နောက် ဆရာကြီးကပင် ဆက်၍ ရှေးအခါက မင်ကြောင်ထိုးသော ယောကျ်ားများကို မိန်းမပျိုများက နှစ်သက်ကြကြောင်း မင်ကြောင်ထိုးသော ယောကျ်ားပျို၏ ခြင်းဝိုင်းကို ရေခပ်ဆင်းသော အပျိုလေး

များက ခိုးကြည့်၍ ရေအိုး လွတ်ကျပုံတို့ ကို ရှင်းလင်းပြလေရာ စူပါလုံး သည် မင်ကြောင်ထိုးရန် ရှေးဦးစွာ ဆုံးဖြတ်လိုက်သည် ။

ဆရာကြီး၏ ကုပ်ချောင်းချောင်း တပည့်နှစ်ယောက်ကလည်း ဆရာကြီးသည် အထက် ဆရာကြီးများ ၏ အမိန့်အရ နိုင်ငံအနှံ့ ထိုးကွင်းမင်ကြောင်များ လိုက်လံ ထိုးနှံ့ပေးနေသူ ဖြစ်ကြောင်း၊ အင်း အိုင် ခါးလှည့် လက်ဖွဲ့ မန္တရားများ ကိုလည်း အထူး ကျွမ်းကျင်ကြောင်း၊ ငွေ ကြေး ရလိုမှုကို အဓိက မထားကြောင်း ရှင်းလင်းပြန်လေရာ စူပါ လုံး ခေါင်းဆောင်သော ရွာသား တစ်စုသည် မင်ကြောင်ထိုးပေးပါရန် ဆရာကြီးအား အလုအယက် တောင်းပန်ကြကုန်၏။ ဆရာကြီးသည် အိုက်တင် ခံမနေတော့ဘဲ ပြုံးပြုံးကြီး လက်ခံ လိုက်လေ၏။

(ဤကား ဆီးဖြူကုန်းသားတို့ ၏ ပသာဒအဟု န်တွင် ဂွမ်းဆီထိသ ကဲ့သို့ ပီတိဖြစ်ဖွယ် အကြောင်းတည်း။)

မောင်ဉာဏ်ဝင်း၏ ခြံဝိုင်းသည် ထိုးကွင်းစစ်ပွဲ၏ စစ်တလင်းပြင် ဖြစ်နေတော့သည် ။ ဆရာကြီး၏ မင်ကြောင်ရုံမဟာကြီး ကလည်း ခံ့ ညားလှပါ၏။ ပရိတ်ရေဖျန်း ဆန်မန်းပေါက်ပေါက် ကြဲ၊ ရာဇမတ်ကာ ၊ သဲဖြူခင်း ထောင့်လေးထောင့်မှာ ငှက်ပျောရွက်များ လည်း ခင်းထား သေး၏။ စင်ပေါ်စင်အောက်တွင် ဖျင်ဖြူဖျင်နီခင်း၊ ငှက်ပျောပွဲအုန်းပွဲ တင်၊ ဆီမီးခွက်များကိုလည်း တထိန်ထိန်ညီးအောင် ထွန်းထား၏။

ဆရာကြီးရှေ့တွင် ရှိသေစွာဖြင့် - ပေါင်လှန်သူ လှန်၊ လက်ပေးသူက ပေးနှင့် အရေးခံနေသူများက ဇီးဖြူကုန်းရွာသားများ ။

ကွမ်းတပျစ်ပျစ် ထွေးရင်း ရေးချင်ရာ ရေးနေသူများက ဆရာကြီး နှင့် တပည့်ကျော်နှစ်ဦး။ နဂါးရုပ်အမောက်ပင် မပြီးခင် မင်ကြောင်ရေး ၏။ ထိုးကွင်းမှာ မင်မပြည့်ခင် ဂုမ္ဘာန်ဘီလူးရုပ် ထွင်း၏။ ဂုမ္ဘာန်မပြီးခင်

ကျားခေါင်းဆွဲ၏။ ကျားခေါင်း မပီပြင်ခင်.. စမ သွင်း၏။ ကာလသားတို့ သည် သမင်လည်ပြန်၊ ဂုမ္ဘာန်နတ်ဘီလူး၊ ဒေါင်းလည်ပြန်နှင့် ဘီလူးပန်း ကိုက်၊ လိပ်ငှက်မကျန် ထိုးနှံကြကုန်၏။ ဖွဲကောင်းစေရန် ငုံး။ ရန်အန္တ ရာယ် ပြေးရှောင်တတ်စေရန် ဒေါင်းလည်ပြန်၊ အမြင့်တက် ကျွမ်းကျင် စေရန် မျောက်၊ သူတစ်ပါး ကြောက်ရွံ့စေရန် ဘီလူး။ သူ့ ဟာနဲ့ သူတော့ ဟုတ်နေလေ၏။

ဆရာကြီး၏ တပည့်နှစ်ဦးကလည်း ဆရာကောင်းတပည့်ပီပီ စမ်း ချင်ရာစမ်း မောင်ဘဂျမ်းပင်။ ဇီးဖြူကုန်းရွာသားတို့ သည် သွေး ဖြန်းဖြန်းကျအောင် နာကျင်သော်လည်း အံတကြိတ်ကြိတ် မျက်လုံး တမှိတ်မှိတ်ဖြင့် တောင့်ခံနေလေ၏။ မှိတ်ထားသော မျက်လုံးများ တွင် ရုပ်ရှင်ပိတ်ကား ကဲ့သို့ တရေးရေး မြင်နေသည် ကတော့ တစ် ခေတ်တစ်ခါက မင်းညီမင်းသားတို့ ၏ ထိုးကွင်းလှလှများ ၊ ခါးတောင်း မြှောင်အောင် ကျိုက်၍ ခြင်းခတ်နေသော ကာလသားကို ရေခပ် ဆင်း သော အပျိုများက ခိုးကြည့်၍ ရေအိုးကျကွဲ၊ ပီယဆေးကလည်း စွမ်း၊ အပျိုချောတွေက ဝိုင်းဝိုင်းလည်။ ဘယ်လောက်များ ပျော်စရာ ကောင်း အံ့နည်း။

ညနေခင်း ရွာဦးကျောင်းထိပ်က ထိုးကွင်းမင်ကြောင် ဟာသပြပွဲ စ တင်လေ၏။

စူပါလုံး၏ ပေါင်တစ်ဖက်မှာ သာ ထိုးကွင်းရှိ၏။ တစ်ဖက်မှာ မင်ကြောင် မရှိသေး။ ဖိုးလမင်း၏ နဂါးရုပ်က အမောက်နှင့် မျက်လုံးမ ပါ။ ဉာဏ်ဝင်း၏ ဘီလူးရုပ်ကလည်း အစွယ်နှင့် သွားမစုံသေး။ အားလုံး သော မင်ကြောင်များမှာ မပြည့်မစုံ။ သို့သော် မည်သူမျှ စိတ်အားငယ်ခြင်း မရှိ။ နောက်နေ့တွေမှာ ဆရာကြီးက ဆက်ထိုးလေမ

ည်ပေ့ါ။

ဆရာကြီးသည် အကျော်ဒေးယျ မင်ကြောင်ပညာရှင်ကြီး အောင်အတိတ် အောင်နိမိတ်ယူ၍ တစ်နေ့ ကိုးယောက်တိတိသာ ရေးထိုး၏။ သုံးရက်မြောက်လျှင် (၂၇)ယောက်။ တစ်ယောက်ကို ငွေသား ကျပ်တစ်ထောင်။ ဒါတောင် ကန်တော့ပွဲဖိုး မပါသေး၊ ကန်တော့ပွဲများကိုတော့ တစ်ယောက်တစ်လက် ဝိုင်းဝန်း ကူညီလိုက်ကြ၏။

ဩော် ... ကျေးဇူးရှင်ဆရာကြီး၊ အရင်းအနှီးကလည်း မသေး၊ ဒါပေမဲ့ ရင်းနှီးရကျိုး နပ်သည် ပေ့ါလေ။ ဇီးဖြူကုန်းရွာသားတို့ ကတော့ မိန်းမ နားကပ်ချွတ်၊ ကလေးစုဘူးခွဲ၊ အဖေ ဘန်ကောက်လုံချည်ပါ ချမ်းသာမပေး။ ခြင်ထောင်၊ စောင်၊ ဒန်အိုးဒန်ခွက်ပါမကျန် ရွာထိပ်က ဒေါ်ဘုမ အပေါင်စံနန်းသို့ ကြွမြန်းရရှာ၏။ ဒေါ်ဘုမတို့ တပြုံးပြုံး။ ဆရာကြီးအိမ်မှာ တော့ တအုန်း အုန်း။ တိတ်တခိုးနှင့် ကျိတ်ပိုးရသူများ ကတော့ အပျိုချောများ ၏ အမည်ကို အသည်းပုံမှာ ကွင်း၍ ထွင်းစေ၏။

ဒါမျိုးတော့ ဆရာကြီးက စိတ်ရှည်သည် ။ ပြီးဆုံးအောင် ကူညီလိုက်သည် ။ စူပါလုံး၏ လက်ဖျံမှာ သူကျိတ်ပိုး ပိုးနေသော ရွှေရည်၏ အမည် လှလှ။ အသည်းပုံမှာ ရွှေရည်အမည် ထွင်းထုလျက် လှမှ လှ။

စူပါလုံးတစ်ယောက်ကတော့ လက်ဖျံကို လှန်ကြည့်ရင်း လမ်းလျှောက်လို့ ခလုတ်တိုက်လဲဆိုပဲ။ ဇီးဖြူကုန်း တစ်ရွာလုံး ထိုးကွင်းမင်ကြောင် အကြောင်းသာ ပြောဆိုကြ ကုန်၏။ သူ့မင်ကြောင်က လှသည် ၊ ငါ့မင်ကြောင်က လှသည် စသည် စသည် ငြင်းခုံကြ၏။ ပိုက်ချုပ်ရာမှာလည်း သည် စကား၊ ထင်းခွေရာမှာ လည်း သည် အသံသာ ကြားရ၏။ ဇီးဖြူကုန်း ရွာသားတို့ တစ်ခေတ်တစ်ခါ ကာလများ သို့ ပြန်လည်ရောက် ရှိနေသလား ထင်မှတ်မှားဖွယ်ပင် ကောင်းလှတော့၏။

ရွာဦးကျောင်းထိပ်မှာ တစ်ဖက်တည်းသာရှိသော ထိုးကွင်းများ နှင့် ခြင်းခတ်နေသူများ ၊ ကျောတွင် အစွယ်နှင့် မျက်လုံး မပြည့်စုံသေးသော ဘီလူးရုပ်နှင့် လှေလှော်နေသူများ ၊ အမောက်မပါသော နဂါးရုပ်နှင့် ပိုက်ချုပ်နေသူများ စသည် ဖြင့် တွေ့မြင်နိုင်ကြ၏။

ကြင်သူဇနီးမယားများ ကိုမူ ထိုးကွင်းမင်ကြောင်များကို ပြ၍ ဂုဏ် ယူစွာဖြင့် လှရဲ့ လားဟု မေးလေ၏။ မိန်းမများက မျက်နှာရှုံ့မဲ့၍ မလှ ကြောင်း၊ လွန်စွာ ရွံရှာဖွယ်ကောင်းကြောင်း ပြောဆို၍ တညီတညွတ်တ ည်း ထရိုက်ကြလေ၏။ ဤသို့ဖြင့် (၃) ရက်တွင်း ရန်ပွဲ (၁၈) ပွဲတိတိ ဖြစ် ပွားခဲ့လေ၏။ ထိုရက်များ အတွင်း နေ့စဉ် စည်ကားမြဲဖြစ်သော ရွာ ဗီဒီယိုရုံမှာ လူ ကျဲပါးသွား၏။

မောင်ဉာဏ်ဝင်း၏ ရွာလယ် လက်ဖက်ရည်ဆိုင်တွင် မူ လူများ နှင့် စည်ကားနေလေ၏။ ရွာသားတို့ သည် ထိုးကွင်းမင်ကြောင် အကြောင်း ကိုသာ ငြင်းခုံကြကုန်၏။ ဆိုင်ရှင် မောင်ဉာဏ်ဝင်း ကလည်း နားမဆူ ... လက်ဖက်ရည် မရောင်းရလည်း အရေးမကြီး၊ ထိုးကွင်း အကြောင်း ပြောရလျှင် ကျေနပ်သည် ။ သို့သော် မိန်းမစိတ်ဆိုးမှာ တော့ ကြောက် သည် ။ အမိ ဗီဒီယိုရုံများ ကတော့ ဆရာကြီးကို မေတ္တာပို့ကြသည် ။ ပို့ သသော မေတ္တာကြောင့် ဆရာကြီးသည် တစ်ပတ်တိတိ ခန့်ခန့်ကြီး နေ သွားသည် ။ ဆရာကြီး သွားချင်ရာသွား၊ စားချင်ရာစား၊ လက်ညှိုးညွှန် ရာ လိုရာဖြစ်စေ။

ဆရာကြီး ဗေဒင်လက္ခဏာလည်း အနည်းအပါးရသည် ဆိုပဲ။ သည် တော့ ရွာအပျိုချော တင်တင်အေး၊ အေးမြတ်မွန်၊ ရွှေရည်တို့ ၊ ဆရာကြီး အနားက တစ်ပါးမှ မခွာတာ မဆန်း။ မင်ကြောင်ထိုးသော အလုပ်ကို တစ်ပတ်ပြည့်သော နေ့မှာ ဆရာကြီးက ရပ်နားထားလိုက်၏။ မင်ကုန်

၍ မြို့တက် ... အထက်ဆရာကြီးများ ထံ ပြန်ယူရမည်ဆိုပဲ။ အထက်ဆရာကြီးများ ဆီ ပြန်ယူရမည် ဆိုတော့ အားလုံးက သည်းခံရသည် ပေါ့။ ဆရာကြီးတို့ မြို့ပြန်မည့်နေ့တွင် ရွာလုံးကျွတ် လိုက်လံ ပို့ဆောင်ကြ၏။ လက်ဆောင်တွေ များ လွန်းလို့ ဆရာကြီးတို့ လူစု သယ်ပင် မသယ်နိုင်ကြ။

ဇီးဖြူကုန်းရွာသားတို့ ၏ မြှောက်ထားသောလက်မှာ ဂဠုန်တစ်ခြမ်း၊ ဖွင့်ထားသော ရင်ခွင်မှာ အမောက်မပါသော နဂါး။ ကျောပြောင်ပြောင်မှာ အစွယ်မရှိသော ဘီလူးရုပ်စပ်ဖြီးဖြီးနှင့်။ သို့သော် ဘာကိုများ ဂရုစိုက်ရမည်နည်း။ ဆရာကြီး ပြန်လာရင် အရာရာ ပြီးပြည့်စုံရမည် ပေါ့။

ဆရာကြီးက မသကာကြာလှ သုံးလေးရက် ... သုံးလေးရက်တောင် မစောင့်ချင်သူများ လည်း ရှိသည် ။ အိပ်မက်ထဲမှာ တောင် မင်ကြောင်များက နေရာယူထားသေး၏။ ဗလကြီးကိုတော့ စပ်ဖြီးဖြီးနှင့် တွေ့ရ၏။ မင်ကြောင်စေ့ရင်တော့ ရွာအလှရှင် ဝင်းဝင်းမြတ်နဲ့ ကေသွယ်အုန်းကို မရ ရအောင် ပိုးဦးမတဲ့ ၊ ကြုံးဝါးနေလိုက်တာလေ။ လှေလှော်သွား၊ ငါးဖမ်းပိုက်ချုပ်ရင်း မင်ကြောင်တွေကို ကြည့်ကြည့် လုပ်နေ၏။

"ငါ့နဂါးလေးများ အမောက်ပါရင် ဘယ်လောက်ကောင်းမလဲနော်။ ငါ့ဘီလူးလေးများ အစွယ်နဲ့ မျက်လုံးပါရင် ဘယ်လောက် ကောင်းမလဲနော်။ ဆရာကြီး ပြန်သွားတာ (၁၀)ရက် တိတိ ရှိပြီ။ သုံးလေးရက်သာ ကြာမည်ဆိုသော ဆရာကြီး၊ ဘာလို့ များ ပြန်မလာပါလိမ့်။ (၁၃) ရက်မြောက်သော နေ့တွင် စူပါလုံး ကျိတ်ပိုးပိုးနေသော ရွှေရည် တစ်ရွာသားနှင့် ခိုးရာ လိုက်ပြေးတော့ စူပါလုံး၏ လက်ဖျံမှာ အသည်းပုံ စိုက်နေသော ရွှေရည်၏ အမည်ကျန်ခဲ့၏။ စူပါလုံး တစ်ယောက် ဘာလုပ်လို့

ဘာကိုင်ရမှန်းမသိဘဲ မျောက်မီးခဲ ကိုင်ထားသလို ဖြစ်ကျန်ရစ်၏။

အင်္ကျီလက်ရှည် အမြဲဝတ်ရတော့မှာ ပဲ။ ပီယဆေးစွမ်း မစွမ်းတော့ မသိ၊ ဖိုးလမင်း ပါးတစ်ခြမ်းတော့ ရောင်ခဲ့ပြီ။ ရွာအပျိုချော အိဖြူ၏ လက်ချက်။ ဤပြဿနာများကို ဒိုင်ခံ ဖြေရှင်းရသူကတော့ သနားစရာ မောင်ဉာဏ်ဝင်း ... မိန်းမက ဆူ ... ရွာသားများက ဆဲ... ငါးဖမ်းပိုက်ချုပ် ၊ ပင်လယ် တံငါ တစ်အုပ်မှာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ... ယောင်တောင်တောင် ကြောင်ကန်းကန်းဖြင့် ဆရာကြီးကိုသာ စောင့်မျှော်နေရသည် ။

လှေဆိပ်မှာ ခေါင်းတခါခါ လည်တဆန့်ဆန့်ဖြင့် မျှော်လင့်ဆဲ တမ်းတဆဲ။ ရက်ရှည်လာ သည် နှင့် အမျှ ပေါင်တစ်ဖက်တည်းသာ ရှိသော ထိုးကွင်းကို ကြည့်၍ ဆရာကြီးကို တက်ခေါက်သူက ခေါက်၊ ကလော်ဆဲသူကဆဲ.. ခါးတောင်းပင် မြှောင်အောင် မကြိုက်ရဲတော့။ ဒေါ်ဘုမ အပေါင်နန်းမှ ပစ္စည်းများ မရွေးနိုင်သဖြင့် ကျိတ်ပွဲများက စဲမည်။ ရန်ပွဲများက တကျက်ကျက်။

'သေခြင်းဆိုးဆရာကြီး ဆေးသွားယူတာ ပြန်မလာတော့ဘူး။ သူ့ မိန်းမ လင်နောက် လိုက်သွားလား မသိဘူး' ပြောတော့ အထက်ဆရာကြီးတွေ အမိန့်ဆို ... မင်ကြောင်တွေ ပြန့်ပွားအောင် အကျိုးဆောင်မယ်ဆို ... တောက်၊ ကြည့်ရင်း ကြည့်ရင်း ဒီဘီလူးရုပ်က ကျက်သရေ မရှိလိုက်တာကွာ ဟင်း ... လူလိမ်ကြီး၊ တစ်နေ့ မျက်စိလည်ပြီး ဆီးဖြူကုန်းကို ရောက်လို့ကတော့ ဆွမ်းကြီး လောင်းပစ်လိုက်မယ်" ..

ဩော် ဒေါ်သမီး၊ မျှော်လင့်ခြင်း အပူမီး၊ ကြောက်မက်ဖွယ်ပါတကား။

မည်သို့ပင် ဖြစ်စေ ဆီးဖြူကုန်းရွာ၏ နွေရာသီညနေခင်းများ တွင်

ထိုးကွင်းမင်ကြောင် မစုံမစေ့နှင့် တစ်စုံတစ်ရာကို စောင့်မျှော်နေသော လူတစ်စုကို ယနေ့တိုင် တွေ့မြင်နိုင်ပါသည် ။

အသင် စာရှုသူသည် ဤလူစုကို တွေ့မြင်လျှင် ဘာများ ပြောဖြစ်မည်နည်း။ အကျွန်ုပ် သိပ်သိချင်ပါသည် ။

သိမ်းပိုက်ခြင်းကင်းသော
မင်းမြတ်သူရ

* * * * *